# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၂/၂၀၀၇ | ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်။




“ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးလိုတယ်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာကို အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးနည်းလမ်းအရ ရှာရမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးအရ ပြည်တွင်းငြိမ်းချမ်းရေးလည်း ရှာရမယ်။ တိုင်းရင်းသားလူမျိုးများ အချင်းချင်းကြားထဲမှာ နားလည်မှုလည်းရှာရမယ်။ အခု ကျမတို့ ဒီမိုကရေစီတိုက်ပွဲကိုတောင်မှ နိုင်ငံရေးနည်းအရပဲတိုက်နေတာ။ နိုင်ငံရေးနည်းအရဆိုတာ နလုံးရည်တိုက်ပွဲကို ပြောတာဖြစ်ပါတယ်။ ကျမတို့ တိုင်းပြည်ရဲ့အစဉ်အလာမှာ လက်နက်အားကိုးပြီးတော့ နိုင်ငံရေးစနစ်ကိုပြောင်းခဲ့တာ (၃) ခါရှိပါပြီ။ နောက်ထပ်ပြီးတော့ လက်နက်အားကိုးပြီးတော့ နိုင်ငံရေးစနစ်ကို ပြောင်းလဲတယ်ဆိုတာ မဖြစ်အောင်လို့ ကျမတို့ပြည်သူလူထုအနေနဲ့ နလုံးရည်တိုက်ပွဲအရ ပြည်သူလူထုလိုချင်တဲ့စနစ်မျိုးကို ပြောင်းနိုင်တဲ့ သတ္တိရှိတယ်ဆိုတာ ပြရပါလိမ့်မယ်။ ဒီလိုသတ္တိရှိမှ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေကို ရမှာပါ။ အခွင့်အရေးတွေကိုတော့ လိုချင်တယ်။ လုပ်ရဲကိုင်ရဲတော့ မရှိဘူးဆိုရင် ဒီအခွင့်အရေးတွေရဖို့ အင်မတန် ခဲယဉ်းပါလိမ့်မယ်။”

(ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် (၁၉၈၉) ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့တွင် ဟောပြောသော မိန့်ခွန်းမှ ကောက်နှုတ်ချက်)

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၃)ရက်ရှိသွားပါပြီ။

## ယနေ့ သတင်းများ


၁။ မြန်မာ့အရေး လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက် အန်အယ်လ်ဒီ ကြိုဆိုထောက်ခံ
၂။ လူငယ် [၂၀]ကျော် ဖမ်းဆီးခံနေရ
၃။ မြန်မာစစ်အစိုးရကိုဝေဖန်ထားတဲ့ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရဲ့ ကြေညာချက်ထုတ်ပြန်
၄။ ခွေးတွေလည်း ဆန္ဒပြကြပြီ
၅။ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်
၇။ ဒီပဲယင်း စိုးဝင်း တကယ်သေပြီ
၈။ ရဲနှင့် စစ်အင်ဂျီနီယာတပ်တို့ ရန်ဖြစ်
၉။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များ သဘောတူညီချက်အရ တွေ့ဆုံဆွေးနွေးမှု အထမြောက်စေရန် န အ ဖ ကို တိုက်တွန်း
၁၀။ ဖမ်းဆီးခံရသည့် သံဃာတော်များကို အတင်းအကျပ် လူဝတ်လဲခိုင်းနေ
၁၁။ လုံခြုံရေး ဥက္ကဋ္ဌကြေညာချက်အပေါ် တိုင်းရင်းသား ခေါင်းဆောင်များ ကြိုဆို
၁၂။ အဖမ်းဆီးခံနေရသည့် အဖွဲ့ချုပ်ဝင်များအတွက် မိသားစုများက စိုးရိမ်
၁၃။ အင်းစိန်ထောင်မှာ နိုင်ငံရေး အကျဉ်းသားများအပေါ် ပိုမိုတင်းကျပ်နေ
၁၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထား ထုတ်ပြန်ချက်
၁၅။ ညီလာခံထောက်ခံပွဲအတွက် ရန်ကုန်မှာ အတင်းအကျပ် စီစဉ်နေ


# မြန်မာ့အရေး လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက် အန်အယ်လ်ဒီ ကြိုဆိုထောက်ခံ

*ဗွီအိုအေ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ထုတ်ပြန်ချက်တစ်ခု ထွက်လာခဲ့ပါပြီ။ ဒီထုတ်ပြန်ချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘယ်လိုသဘောထားပါလဲ၊ ထောက်ခံကြိုဆိုပါသလား၊ ပြီးတော့ ဘယ်လို မျှော်လင့်ချက်မျိုးတွေ ရှိနေပါလဲ။ ဦးကျော်ကျော်သိန်းက ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း တခြားအဖွဲ့အစည်းတွေနဲ့ အလားတူပါပဲ၊ ကြိုဆိုကြောင်း ဒီကနေ့ ရက်စွဲနဲ့ ထုတ်ပြန်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဒီထုတ်ပြန်ချက်မှာ ပါတဲ့အချက်တွေကို မြန်မာအာဏာပိုင်တွေဘက်က အမြန်အကောင်အထည်ဖော်ဖို့ဖြစ်တယ်လို့လည်း အဲန်အယ်လ်ဒီရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။ အဲန်အယ်လ်ဒီရဲ့ သဘောထားကို နောက်ဆုံးဖော်ပြထားရာမှာ ပြောခွင့်ရပုဂ္ဂိုလ် ဦးဟံသာမြင့်က အခုလို ဖတ်ပြပါတယ်။

> “ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်ပါအချက်များ ဖြစ်သောကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်နေသောကြောင့်လည်းကောင်း မြန်မာနိုင်ငံအာဏာပိုင်များက ကုလသမဂ္ဂနှင့် ပူးတွဲဆောင်ရွက်သွားမည်ဟု ကြေညာထားသောကြောင့် လည်းကောင်း အာဏာပိုင်အဖွဲ့များအပေါ်တွင် တာဝန်ရှိသည့်အားလျော်စွာ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်ပါအချက်များကို အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော်ရန် အထူးလိုအပ်ကြောင်း ကြေညာလိုက်ပါသည်။”

အခုလို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေအားလုံးရဲ့ သဘောတူညီချက်နဲ့ ဥက္ကဋ္ဌရဲ့ကြေညာချက်ထွက်လာခဲ့ပြီးတဲ့နောက် ရွေ့လျောက်တိုးတက်မှုတွေ မြန်မြန်ဆန်ဆန်

ဖြစ်လာဖို့တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တွက်ထားပုံ မရပါဘူး။ ဦးဟံသာမြင့်က –

"ချက်ခြင်းကြီး သူကတော့ လုပ်ဖို့ဆိုတာကလည်း အစိုးရအနေနဲ့ကတော့ အစိုးရတစ်ရပ်က သူ့ရဲ့ယန္တရားကရှိနေတော့ ဒီယန္တရားကြီးက ချက်ချင်းရပ်သွားဖို့ဆိုတာတော့ လွယ်မှာမဟုတ်ဘူးပေါ့လေ။ ဒါပေမယ့် ဒါကိုကြည့်ပြီးတော့ ဒီ ဆုံးဖြတ်ချက်ကြီးဟာ အသုံးမဝင်ဘူးလို့ ကျနော်တို့ ပြောလို့မရပါဘူး။ အဲဒီတော့ ဒါကတော့ ကျနော်တို့ ဒီအပေါ်မှာဆက်ပြီးတော့ အကောင်အထည်ဖော်လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်။

"ဒီ လွှတ်ပေးဖို့ ကိစ္စတွေကတော့ ကျနော်တို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်နေတယ်ဆိုတော့ ဒါ ဆုံးဖြတ်ချက် ဒီအပေါ်မှာ လေးစားလိုက်နာဖို့ဆိုတာကလည်း တာဝန်ရှိပါတယ်။ ရှိတဲ့အတိုင်းလည်း လိုက်ပါလိမ့်မယ်လို့လည်း ကျနော်က မျှော်လင့်ပါတယ်။ နောက်တစ်ခါ ဒိုင်ယာလော့ခ်ကတော့ အဓိကပေါ့နော်။ သူတို့ကလည်း ကြိုတင်ပြီးတော့ကို ဆက်ဆံရေးဝန်ကြီးဆိုပြီးတော့ ခန့်ထားတာကနေစပြီးတော့ ကုလသမဂ္ဂနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား ဒီလိုဆက်ဆံဖို့ လုပ်ထားပြီဆိုတော့ ဒါလည်း ကျနော်တို့ကတော့ အလားအလာကောင်းတယ်လို့ ကျနော်တို့က ယူဆပါတယ်ခင်ဗျ။"

ဒီ ဒိုင်ယာလော့ခ် တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ပတ်သက်ပြီးတော့ စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည် ကြားမှာ ဆက်ဆံရေးချောမွေ့စေဖို့ဆိုပြီး ဆက်ဆံရေးဝန်ကြီးအဖြစ် အလုပ်သမားဒုဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်ကို ခန့်ထားလိုက်တာရှိပါတယ်။ အဲဒီတော့ ဗိုလ်ချုပ်အောင်ကြည်ဖက်ကနေ ဆက်သွယ်လုပ်ဆောင်တာတွေ ရှိပါပြီလား ဆိုတဲ့အမေးကိုတော့ ဦးဟံသာမြင့်က –

"ကျနော်တို့ဆီကိုတော့ အဆက်အသွယ်လုပ်တာ မရှိပါဘူးခင်ဗျ။ ဆက်တယ်မဆက်ဘူးဆိုတာ တော့ ကျနော်တို့လည်း မသိဘူးခင်ဗျ။ မသိဘူးလို့ပဲ ပြောပါရစေ၊ ဘာကြောင့်လဲဆိုတော့ ဒါကလည်း သူတို့လျှို့ဝှက်ထားမယ်လို့ပဲ ကျနော်တို့ ထင်တယ်။ ကျနော်တို့ကိုလည်း ပြောလိမ့်မယ်လို့မထင်ပါဘူး။ အဲတော့ ကျနော်တို့လည်း အဲဒါတော့ မသိဘူးလို့ပဲ ပြောပါရစေ။"

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင်မ် ဂမ်ဘာရီဟာလည်း မြန်မာနိုင်ငံဆီကို နောက်တစ်ကြိမ်သွားရောက်ဖို့ ခရီးစဉ်အစအဖြစ် ထိုင်းနိုင်ငံကို တနင်္လာနေ့မှာ ရောက်တော့မှာပါ။ ဒီ့မတိုင်ခင်အချိန်တုန်းကတော့ အဲန်အယ်လ်ဒီနဲ့ မတွေ့လိုက်ရပါဘူး။ ဒီတစ်ကြိမ်မှာလည်း အဲန်အယ်လ်ဒီကတော့ သူတို့ဘက်ကတော့ တွေ့ဖို့မျှော်လင့်ထားတုန်းပါပဲ၊ အရင်ကထက်စာရင်လည်း တိုးတက်မှုတွေ ပိုရလိမ့်မယ်လို့ တွက်ထားပါတယ်။




"ကျနော်တို့ကတော့ အမြဲတမ်း သူလာတိုင်း ကျနော်တို့က တွေ့ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့တာပေါ့နော်။ ဒါပေမယ့် ဒါက အကြောင်းအမျိုးမျိုး ရှိမှာပေါ့။ သူကတော့ အာဏာပိုင်တွေက ခွင့်ပေးမှ ကျနော်တို့နဲ့ တွေ့လို့ရမှာကိုး။ သူတို့ Protoc သူကလည်း ရှိသေးတာကိုး။ အဲတော့ တွေ့ရမှာဆိုတာ ကတော့ သူတို့ပေးတဲ့အပေါ်မှာ တည်မှာပါ။ ဒါပေမယ့် အခု အခြေအနေအခါမှာတော့ ဒီတစ်ခါမှာတော့ ကျနော်တို့ကတော့ အစတုန်းကထက် အခုနောက်ဆုံးအခေါက်ထက်စာရင်တော့ ပိုပြီးတော့ အဆင်ပြေ လိမ့်မယ်လို့မျှော်လင့်ပါတယ်။"

အဲဒါတွေကတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဌရဲ့ ထုတ်ပြန်ချက်အပါအဝင် ကုလသမဂ္ဂရဲ့လုပ်ဆောင် ချက်တွေအပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားတွေပဲဖြစ်ပါတယ်။ ■

## လူငယ် (၂၀)ကျော် ဖမ်းဆီးခံနေရ

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့က သံဃာတော်တွေကို အကြမ်းဖက်ရိုက်နှက်ရာမှာ ကမာရွတ်မြို့နယ် ၁ ရက်ကွက် ရယကဥက္ကဋ္ဌ ကိုကျော်အောင်နဲ့ ရပ်ကွက်စွမ်းအားရှင်ခေါင်းဆောင် ကွမ်းယာရောင်းတဲ့ မင်းမင်းတို့ ပါဝင်တယ်လို့ ရိုက်နှက်ခံခဲ့ရတဲ့ သံဃာတော်တချို့က ပြောပါတယ်။ သူတို့ ၂ ဦးဟာ သံဃာတော်တွေကို ရိုက်နှက်ရာမှာပါဝင်ခဲ့ယုံမက ရပ်ကွက်အတွင်းကလူငယ် (၂၀) ကျော်ကိုလဲ စစ်ဒေသရုံးကို သတင်းမှားပေးပို့ပြီး ဖမ်းဆီးခိုင်းခဲ့တယ်လို့ ကမာရွတ်မြို့နယ်ထဲက သံဃာတပါးကပြောပါတယ်။ ပြီးခဲ့တဲ့လ ၂၉ ရက်နေ့က တပ်မ ၆၆ လက်အောက်ခံတပ်တွေက ကမာရွတ် ၁ ရက်ကွက်ထဲမှာရှိတဲ့ သုစိတ္တာရုံစာသင်တိုက် ဝေပုလကျောင်းတိုက် ဝေလုဝန်ကျောင်းတိုက်စတဲ့ ဘုန်းတော်ကြီးကျောင်းတွေ ကို ရယကဥက္ကဋ္ဌ ကိုကျော်အောင် စွမ်းအားရှင်မင်းမင်းတို့ရဲ့ လမ်းပြမှုနဲ့ ဝင်ရောက်စီးနင်းတိုက်ခိုက်ဖို့ ပြင်ခဲ့တယ်ဆိုပါတယ်။

ဒါပေမဲ့ သံဃာတော်တွေက တုန်းမောင်းတွေ ခေါက်တဲ့အခါ ရပ်ကွက်နေပြည်သူတွေသာမက ရတနာမြိုင်ရပ်ကွက် အောင်မြေသာစည်ရပ်ကွက် ပန်းခြံရပ်ကွက်စတဲ့ ရပ်ကွက်ပြည်သူတွေထွက်လာပြီး ဘုန်းတော်ကြီးကျောင်းတွေကို အကာအကွယ်ပေးခဲ့ပါတယ်။ နောက်ဆုံးမှာ စစ်တပ် ပြန်ဆုတ်သွားခဲ့ရတယ်လို့ ရပ်ကွက်နေပြည်သူတဦးကပြောပါတယ်။

ဒါပေမဲ့ အခုလ ၃ ရက်နေ့ည ၁၂ နာရီလောက်မှာ တော့ ရယကဥက္ကဋ္ဌ ကျော်အောင်နဲ့ စွမ်းအားရှင် မင်းမင်းတို့ရဲ့ လမ်းပြမှုနဲ့ တပ်မ ၆၆ တပ်သား ၄၀ နီးပါး ၁ ရက်ကွက်ထဲရောက်လာတယ်ဆိုပါတယ်။ အဲဒီနောက် ရပ်ကွက်ထဲက သာရေးနာရေးတွေမှာ တက်ကြွစွာဦးဆောင်လုပ်ပေးနေတဲ့ လူငယ် ၂၀ ကျော်ကို စစ်ဒေသရုံးကို ဖမ်းဆီးခေါ်ဆောင်သွားတယ်ပြောပါတယ်။ နောက်ရက်မှာ မိသားစုတွေနဲ့ ဘုန်းတော်ကြီးတွေက သွားရောက်မေးမြန်းရာမှာ သူတို့လိုချင်တဲ့သူတွေမဟုတ်လို့ ပြန်လွှတ်ပေးဖို့ဆိုပြီး ကမာရွတ်မြို့နယ်ရဲစခန်းကို လွှဲပြောင်းပေးလိုက်ပြီလို့ စစ်ဒေသရုံးက ဖြေတယ်ဆိုပါတယ်။ ဒါပေမဲ့ အဲဒီ လူငယ် ၂၀ ကျော်ကို မြို့နယ်ရဲစခန်းကပြန်လွှတ်မပေးသေးပဲ ရဲအချုပ်ခန်းမှာ ဖမ်းဆီးချုပ်နှောင်ထားဆဲဖြစ်တ ယ်လို့လဲ မိသားစုဝင်တဦးက ပြောပါတယ်။ ■

# မြန်မာစစ်အစိုးရကိုဝေဖန်ထားတဲ့ လုံခြုံရေး ကောင်စီ ဥက္ကဌရဲ့ ကြေညာချက်ထုတ်ပြန်

*ဗွီအိုအေ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဌက မြန်မာပြည်ဆိုင်ရာ ထုတ်ပြန်ချက်ကို မနေ့ကပဲ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒီကြေညာချက်ကို လုံခြုံရေးကောင်စီရဲ့အလှည့်ကျသဘာပတိ ဖတ်ကြားခဲ့တာကို ဦးကျော်အောင်လွင်က တင်ပြပေးထားပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဌရဲ့ ထုတ်ပြန်ကြေညာချက် မနေ့ကဘဲထွက်လာခဲ့ပါပြီ။ ဒါဟာ လုံခြုံရေးကောင်စီသမိုင်းမှာ မြန်မာပြည်နဲ့ ပတ်သက်ပြီးတော့ ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်ရတဲ့ ကြေညာချက်လည်းဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ အခြေအနေတွေက ဆိုးရွားလာနေလို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကနေ စိုးရိမ်တကြီးဖြစ်လာရလို့ အခုလိုမျိုးဆောင်ရွက်မှုတွေကို လုပ်လာရတာပါ။ကြေညာချက်ထဲမှာပါဝင်တဲ့ အဓိက အချက်တွေကို လုံခြုံရေးကောင်စီ အစည်းအဝေးရဲ့သဘာပတိက အခုလို ဖတ်ပြပါတယ်။

“မြန်မာပြည်အတွင်းမှာ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြခဲ့ကြတာတွေကို အကြမ်းဖက် နှိမ်နင်းခဲ့တာနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြင်းအထန်ရှုံ့ချကန့်ကွက်ပါတယ်။ ဒါဟာ လုံးဝ လက်ခံနိုင်စရာမရှိပါဘူး။ အောက်တိုဘာလ ၂ ရက်နေ့က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနေ ချမှတ်ခဲ့တဲ့ မြန်မာပြည်က လူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီကနေ ကြိုဆိုပါတယ်။ မြန်မာစစ်အစိုးရကနေ ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ကိစ္စဟာ အရေးကြီးပါတယ်။ ဒါကို ဦးစားပေးပြီးတော့လုပ်ရမယ်လို့ လုံခြုံရေးကောင်စီကနေ သဘောထားပါတယ်။ မြန်မာပြည်ကအခြေအနေတွေကို ဖြေရှင်းတဲ့အခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့အတူ ပူးပေါင်းလုပ်ဆောင်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းဆောင်ရွက်ဖို့ လုံခြုံရေးကောင်စီကနေ မြန်မာစစ်အစိုးရကိုတိုက်တွန်းလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တကယ်စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ရယ်၊ နောက်ပြီးတော့ တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ရော သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပါ စစ်မှန်တဲ့ ဆွေးနွေးမှုတွေကို လုပ်ကိုင်ဖို့ကိစ္စဟာလည်း လိုအပ်တဲ့အခြေအနေတွေဖြစ်လို့ ဒါတွေကို အကောင်အထည်ဖော်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအထိ ပေါ်ပေါက်လာအောင်လုပ်ဖို့ မြန်မာစစ်အစိုးရကို လုံခြုံရေးကောင်စီကနေ တိုက်တွန်းပါတယ်။ ဒီကိစ္စတွေမှာ ကုလသမဂ္ဂဖက်ကလည်း တိုက်ရိုက်ကူညီအားပေးနေမှာပါ။

မြန်မာ့အရေးကို အခု ကြားဝင်ဆောင်ရွက်ပေးနေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီ ရဲ့ တိုက်တွန်း ကမ်းလှမ်းချက်တွေကိုလည်း လေးလေးနက်နက်စဉ်းစားဖို့ကို မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ မြန်မာပြည်သူတွေအားလုံးနဲ့ သက်ဆိုင်တယ်၊ မြန်မာပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ လိုအပ်ချက်တွေကို ဂရုတစိုက်ဖြေရှင်းဖို့ ပြည်သူတွေအားလုံးကို အမှန်အတိုင်း တင်ပြဖို့၊ မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစစ်အစိုးရအကြား ဆက်ဆံရေးဝန်ကြီးခန့်အပ်ပြီးတော့ လုပ်ဆောင်မယ်ဆိုပြီး ပြည်သူတွေကို ကတိပေးထားတဲ့ကိစ္စကိုလည်း လုံခြုံရေးကောင်စီကနေ ကြိုဆိုပါတယ်။ နောက်ပြီးတော့ မစ္စတာ ဂမ်ဘာရီကို နောက်တကြိမ် မြန်မာပြည်ကိုလာခဲ့ဖို့ ဖိတ်ခေါ်တာကိုလည်း အသိအမှတ်ပြုပါတယ်။ မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကနေ အမြန်ဆုံးပြန်လာခဲ့ပြီးတော့ ထိရောက်တဲ့လုပ်ငန်းစဉ်တွေနဲ့ သေချာရေရာတဲ့ ရလဒ်တွေထွက်ပေါ်လာဖို့ကိုလည်း ကျနော်တို့က အလေးအနက် ထားနေပါတယ်။ မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကိုရောက်တဲ့အခါမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်း အားလုံးနဲ့အပြည့်အဝ ပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း လုံခြုံရေးကောင်စီကနေ မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။

မြန်မာပြည် ဒီမိုကရေစီကူးပြောင်းမှုမှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရေးအတွက် အာဆီယံနိုင်ငံတွေကနေ ကျပ်ကျပ်မတ်မတ်နဲ့တိုက်တွန်းနေတာကိုလည်း ကြိုဆိုပါတယ်။ အာဆီယံနိုင်ငံတွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးတယ်လို့လည်း မြင်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးရဲ့ ရည်ရွယ်ချက်ဟာ မြန်မာ့အရေးကိစ္စမှာ လုပ်ငန်းစဉ်အလိုက် ရှိနေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာပြည် ဒီမိုကရေစီပြောင်းလဲရေးမှာ ဝိုင်းဝန်းအားပေး ကူညီလုပ်ဆောင်ကြဖို့ကိုလည်း လုံခြုံရေးကောင်စီကနေ တိုက်တွန်းပါတယ်” လို့ မနေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့အစည်းအဝေး သဘာပတိကနေ ဖတ်ပြသွားခဲ့တာပါ။ ■

---

Do (or) Die

ဒီအတိုင်း အရှုံးပေးပြီး အသေခံမလား

ရဲရဲဝံ့ဝံ့နဲ့ နိုင်အောင် တိုက်မလား

# ခွေးတွေလည်း ဆန္ဒပြကြပြီ

*ရေဝတီ ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇*

နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပါအဝင် စစ်ဗိုလ်ချုပ်များ၏ ရုပ်ပုံလွှာများကို ခွေးများ၏ လည်ပင်းတွင်ချိတ်ဆွဲကာ လူစည်းကားရာလမ်းများတွင် အုပ်လိုက်လွှတ်သည့် လှုပ်ရှားမှုများ ရန်ကုန်တွင်ပြု လုပ်နေကြောင်းသိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့၏ ပုံများကိုလည်း ခွေးလည်ပင်များတွင် ချိတ်ဆွဲထားပြီး ၎င်းခွေးများအား မည်သူက လွှတ်လိုက်သည်ကို မသိရကြောင်းလည်း ရန်ကုန်မြို့ခံတဦးက ရေဝတီကို ပြောသည်။

“ရွှေဂုံတိုင်မီးပွိုင့်နားမှာ ပုံတွေကို ခွေးလေးငါးကောင်ရဲ့ လည်ပင်းမှာ အပေါက်ဖောက်ပြီး ဆွဲထားတာကိုတွေ့တာ လေးငါးကောင်ကတော့ လည်ပင်းမှာ မချိတ်ထားဘူး။ ပုံတွေကို ပလပ်စတစ်တောင် လောင်းထားသေး

တယ်။ မီးသတ်တွေက ခွေးလိုက်ဖမ်းတော့ ကားတွေ၊ လူတွေ အကုန်လုံး ယောက်ယက်ခတ်သွားတယ်''ဟု ရန်ကုန်မြို့ခံကပြောသည်။

တောင်ဥက္ကလာပ၊ လှိုင်သာယာ၊ ဒေါပုံနှင့် သာကေတမြို့နယ်များတွင်လည်း အာလားတူ ခွေးလွှတ်ပွဲများ ပြုလုပ်ကြောင်းသိသည်။

၁၉၉၆ခုနှစ်၊ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုကို စစ်အစိုးရက အကြမ်းဖက်နှိမ်နင်းကာ ကျောင်းသားအား ဖမ်းဆီးထောင်ချစဉ်က အလားတူလှုပ်ရှားမှုကို ကျောင်းသားများက ပြုလုပ်ခဲ့ကြသည်။

၁၉၈၈ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်တပ်က အကြမ်းဖက်ဖြိုခွဲခဲ့အပြီး ကျောင်းသားအချို့က စည်ပင်သာပိုင် မိလ္လာကားများတွင် ဆန္ဒပြသမားများက တပ်မတော်ရိက္ခာဟုစာများကိုလည်း ကပ်ခဲ့ကြဖူးသည်။ ■

---

## လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ကြေညာချက်

11 October 2007

**Security Council**
**SC/9139**

လုံခြုံရေးကောင်စီသည် အထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး အရာရှိ မစ္စတာဂမ်ဘာရီ၏ မကြာမီက သွားရောက်ခဲ့သော ခရီးစဉ် ကိုကြိုဆိုပါသည်။ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၆၁/၂၃၂ အရ ဆုံးဖြတ်တာဝန်ပေးအပ်ခဲ့သော အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်း လုပ်ပိုင်ဆောင်ရွက်ခွင့် တာဝန်ကိုလုံခြုံရေးကောင်စီက အခိုင်အမာ စွဲစွဲမြဲမြဲ ဆက်လက် အတည်ပြု ထောက်ခံပါသည်။ အထွေထွေ အတွင်းရေးမှူး၏ ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်မှုကိုလည်း ချီးကျူးဂုဏ်ပြုပါသည်။

"လုံခြုံရေးကောင်စီသည် မြန်မာပြည်၌ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းခြင်းအပေါ် ၌ ပြင်းထန်စွာ ရှုတ်ချပြီး ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်သော လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် အက်စ်–၅/၁ ကို ကြိုဆိုပါသည်။ လုံခြုံရေးကောင်စီသည် နိုင်ငံရေးအကျဉ်းသားများ အားလုံးနှင့် ထိန်းသိမ်းခံထားရသူများ အားလုံး အမြန်ဆုံး လွှတ်မြောက်ရေး၏ အရေးကြီးမှုကို အလေးအနက် ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ငြိမ်းချမ်းသောရလာဒ်ကောင်းတခု ပေါ်ထွက်လာရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာအစိုးရနှင့် တကွ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို ပန်ကြားတိုက်တွန်းပါသည်။"

ကုလသမဂ္ဂ၏ တိုက်ရိုက် ကူညီပံ့ပိုးမှုဖြင့် အားလုံးပါဝင်သော အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းအားအကောင်အထည်ဖော်ရန် ဒေါ်အောင်ဆန်းစုကြည်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုအတွက် လိုအပ်သော အခြေအနေများ ဖန်တီးပေးရန် မြန်မာအစိုးရအနေဖြင့်လိုအပ်ကြောင်း လုံခြုံရေးကောင်စီက အလေးအနက် ဖော်ပြအပ်ပါသည်။ မစ္စတာ ဂမ်ဘာရီ၏ အကြံပြုချက်၊ အဆိုပြုချက်များကို အလေးအနက် စဉ်းစားပေးရန်လည်း လုံခြုံရေးကောင်စီက မြန်မာအစိုးရကို ပန်ကြားအပ်ပါသည်။

မြန်မာပြည်သူ ပြည်သားတို့အတွက် အရေးကြီးသော နိုင်ငံရေး၊ စီးပွားရေး၊ လူသားချင်း စာနာထောက်ထားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်း နိုင်ရန်အတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ရန်နှင့်မြန်မာနိုင်ငံ၏ အနာဂါတ်သည် မြန်မာပြည်သူပြည်သားတို့၏ လက်ဝယ်တွင် တည်ရှိကြောင်း အလေးအနက်ပြုဖော် ပြအပ်ပါသည်။

လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂနှင့် လူသိထင်ရှား ပူးပေါင်းဆောင်ရွက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ဆောင်ရွက်ရေး အရာရှိတဦး ခန့်အပ်ခြင်းအပေါ် ကြိုဆိုပါသည်။ ဤသို့ဆောင်ရွက်မှု၏ နောက်ပိုင်းတွင် လက်တွေ့အကောင်အထည်ဖော်ရန် အရေးကြီးမှုကိုလည်း လုံခြုံရေးကောင်စီက အလေးထားပါသည်။ မြန်မာနိုင်ငံ အစိုးရက မစ္စတာ ဂမ်ဘာရီအား ဖိတ်ခေါ်ခြင်းကိုလည်း အသိအမှတ်ပြုပါသည်။

ထိရောက်သော အရေးယူဆောင်ရွက်မှုနှင့် သိသာထင်ရှားသော အကျိုးရလာဒ်များ ထွက်ပေါ်လာရန်အတွက် မြန်မာနိုင်ငံသို့ မစ္စတာ ဂမ်ဘာရီ အမြန်ဆုံး ထပ်မံသွားရောက်နိုင်ရန် လုံခြုံရေးကောင်စီက ထောက်ခံကြောင်းကိုလည်း ဖော်ပြပါသည်။ မစ္စတာ ဂမ်ဘာရီနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် မြန်မာအစိုးရနှင့် တကွ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို လုံခြုံရေးကောင်စီက တိုက်တွန်းအပ်ပါသည်။

ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန်၊ ဒီမိုကရေစီစံနစ်သို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရန်နှင့် ကုလသမဂ္ဂက စေလွှတ်သည့် ခရီးစဉ်ကို ထောက်ခံရန်တိုက်တွန်းခဲ့သည့် အာဆီယံနိုင်ငံများ၏ အရေးကြီးသော အခန်းကဏ္ဍကိုလည်း ကြိုဆိုပါသည်။ ကုလသမဂ္ဂ၏ ကြားဝင်ဆောင်ရွက်မှုသည် လုပ်ငန်းစဉ် တရပ်ဖြစ်ကြောင်း မှတ်သားထား၍ မြန်မာပြည်အား ကူညီပံ့ပိုးရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဆက်လက်ထောက်ခံမှု နှင့် ပါဝင်ဆောင်ရွက်မှု ကို အားပေးတိုက်တွန်း အပ်ပါသည်။ လုံခြုံရေးကောင်စီသည် ယခုကိစ္စအား ဆက်လက်ကိုင်တွယ် ဆောင်ရွက်ဆဲဖြစ်ပါသည်။ ■

---

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***
***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

---

## ဒီပဲယင်း စိုးဝင်း တကယ်သေပြီ

*မဇ္ဈိမ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ဒီပဲယင်းလက်သည်ဟု နာမည်ကျော်သော ရက်ရှည်လများ နာမကျန်းဖြစ်ခဲ့သည့် ဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းသည် ယနေ့တွင် စစ်ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ကြေညာသွားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လက်ရင်းလူယုံ ဝန်ကြီးချုပ်သည် ၂၀၀၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီလိုလားသူများကို ဒီပဲယင်းတွင် ခြုံခိုတိုက်ခိုက်ခြင်းကို ကွပ်ကဲခဲ့သူ ဖြစ်ပြီး နောက်ပိုင်းရာထူးတိုးလာခဲ့သည်။ ဒီပဲယင်းလူသတ်ပွဲတွင် အနည်းဆုံး လူ ၆၀ ကျော် သေဆုံးခဲ့သည်။

သို့သော် သွေးကင်ဆာရောဂါ ခံစားခဲ့ရပြီး လများစွာ စင်ကာပူတွင် ဆေးရုံတက်ကုသခဲ့ရပြီး မြန်မာနိုင်ငံသို့ အောက်တိုဘာလ ၁ ရက်နေ့က ပြန်ပို့ခဲ့ပြီး မင်္ဂလာဒုံစစ်ဆေးရုံအတွင်းလူနာတွင် တင်ထားခဲ့သည်။ ရောဂါမတွေ့ရှိမီက ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ချင်ခဲ့သော်လည်း ဗိုလ်ချုပ်သန်းရွှေက ဆက်လက်ခန့်ထား၍ နေခဲ့ရပြန်သည်။ ■

---

## ရဲနှင့် စစ်အင်ဂျီနီယာတပ်တို့ ရန်ဖြစ်

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

မန္တလေးမြို့ပေါ်မှာ လုံခြုံရေးယူထားတဲ့ အမှတ် (၁) ရဲစခန်းက ဒုရဲအုပ် ညီညီထွန်းဦးဆောင်တဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ စစ်အင်ဂျီနီယာတပ် (၉၁၀) က တပ်သားတွေ အခုလ (၇) ရက်နေ့ညက ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုတဲ့ စစ်အင်ဂျီနီယာ တပ် အရာရှိတဦးက ပြောပါတယ်။ ကုသိုလ်တော်ဘုရားမှာ ပူးတွဲလုံခြုံရေးတာဝန်ယူနေစဉ် အခုလို ခိုက်ရန်ဖြစ်ပွားခဲ့ကြတာလို့လဲ သူကပြောပါတယ်။

ရဲတပ်ဖွဲ့ဟာ လိုအပ်တာထက် အာဏာပြတာတွေ နိုင်ထက်စီးနင်းလုပ်တာတွေ များလာတဲ့ အချက်ကစပြီး အခုလို ပြဿနာဖြစ်ရတာလို့လဲ ပြောပြပါတယ်။ သက်ဆိုင်ရာတပ်ရင်းမှူးတွေက ဝင်ရောက်ဖြေရှင်းပေးခဲ့လို့ ပြဿနာပြီးခဲ့တယ်ဆိုပေမဲ့ နောင်မှာလဲ ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေ ပြဿနာတက်အုံးမဲ့ အခြေအနေရှိနေတယ်လို့လဲ အဲဒီ စစ်အင်ဂျီနီယာတပ်အရာရှိက ပြောပြခဲ့ပါတယ်။ ■

---

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များ သဘောတူညီချက်အရ တွေ့ဆုံဆွေးနွေးမှု အထမြောက်စေရန် န အ ဖ ကို တိုက်တွန်း

*ရေဝတီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းစွာဆန္ဒပြသူများအား နအဖစစ်အစိုးရက အကြမ်းဖက်နှိမ်နင်းခဲ့မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကပြစ်တင်ရှုတ်ချလိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန် ကြေညာချက်ထုတ်ပြန်တောင်းဆိုသည်။

တောင်းဆိုချက်များကို မလိုက်နာပါက အရေးယူမည့်အကြောင်း မပါရှိသော်လည်း ယင်းတောင်းဆိုချက် ထွက်ပေါ်လာရေးအတွက် လုံခြုံရေးကောင်စီ၌ အဖွဲ့ဝင် (၁၅) နိုင်ငံအကြား သဘောတူညီမှုရရှိရန် ရက်အတန်ကြာဆွေးနွေးညှိနှိုင်းခဲ့ရပြီး ယမန်နေ့ အစည်းအဝေးတွင်မှ သဘောတူညီမှုရရှိကာ ကြေညာချက်ထုတ်ပြန်နိုင် ခြင်းဖြစ်သည်။

ကြေညာချက်၌ ငြိမ်းချမ်းစွာဆန္ဒပြမှုများအား အကြမ်းဖက်နှိမ်နင်းခဲ့မှုကို ပြန်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း၊ နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ပေးရန်အရေးကြီးကြောင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအောင်မြင်စေရန် ဒေါ်အောင်ဆန်းစုကြည်၊ သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအုပ်စုများအားလုံးပါဝင်သော စစ်မှန်သည့်တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်နိုင်ရန် မြန်မာအစိုးရက လိုအပ်သည့်ခြေအနေများ ဖန်တီးပေးရန် တိုက်တွန်းကြောင်း ပါရှိသည်။

မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူလူထု လက်ထဲ၌ရှိသည်ဖြစ်၍ ပြည်သူလူထုနှင့် သက်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စများကို မြန်မာအစိုးရက အရေးယူဆောင်ရွက်ပေးရန်လည်း တောင်းဆိုသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ဆောင်ရွက်ရန် မြန်မာအစိုးရက ဆက်ဆံရေးအရာရှိ ခန့်အပ်ထားမှုကို ကြိုဆိုကြောင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီအား မြန်မာနိုင်ငံသို့ ဖိတ်ခေါ်မှုကို အသိအမှတ်ပြုကြောင်း ပါရှိသည်။

ယင်းကြေညာချက်သည် မြန်မာနိုင်ငံနှင်ပတ်သက်၍ ထွက်ပေါ်လာသည့် လုံခြုံရေးကောင်စီ၏ ပထမဆုံးကြေညာချက်ဖြစ်ပြီး တရုတ်နိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီမှုရခဲ့သည့်အတွက် ထူးခြားမှုရှိသည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရကုလသမဂ္ဂ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ပြောသည်။

၎င်းက“ နိုင်ငံတကာရဲ့ နိုင်ငံရေးအခင်းအကျင်းက ပြောင်းလဲသွားပြီဆိုတဲ့ဟာကိုပြတယ်။ အရင်းတုန်းက တရုတ်နိုင်ငံက ဒီလိုမျိုး တရားဝင်ထုတ်ပြန်တဲ့ကြေညာချက်တွေမှာ လူသိရှင်ကြား နအဖ ကိုဝေဖန်တာဘယ်လိုမျိုး တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းသင့်တယ်ဆိုပြီး အကြံပြုတာတွေမှာမပတ်သက်ခဲ့ပါဘူး။ တရုတ်နိုင်ငံကပင်လျှင် အခုလိုမျိုးပါဝင်ပတ်သက်လာတာ သဘောတူလာတာဟာ ထူးခြားချက်ဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေး တွန်းအားပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အစီအစဉ်ဖြင့် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ ရုရှ၊ နော်ဝေ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူ နိုင်ငံတို့ပါဝင်သည့် မြန်မာ့ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ တခုကိုလည်း ယမန်နေ့က ကုလသမဂ္ဂ၌ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့ ပေါ်ပေါက်လာမှုကို ဒေါက်တာ သောင်းထွန်းက “နိုင်ငံတကာ အင်အားကြီးနိုင်ငံတွေနဲ့ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မဖြစ်မနေဖြစ်အောင်လုပ်တော့မယ်ဆိုတဲ့ သဘောမျိုးရှိတယ်။ နအဖ အနေနဲ့ တကမ္ဘာလုံးနဲ့ ဆက်ပြီးရန်ဖြစ်မယ်ဆိုရင် တိုးတက်မှုမရှိရင် အရေးယူဆောင်ရွက်မှုတွေလုပ်မယ်ဆိုတဲ့သဘောမျိုးတွေ ရှိပါတယ်”ဟု ပြောသည်။

မြန်မာ့နိုင်ငံရေးပြဿနာ အဖြေရှာရေးကို ကုလသမဂ္ဂက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မစ္စတာ ဂမ်ဘာရီ ကို ထိုင်း၊မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်နှင့်ဂျန်ပန်နိုင်ငံတို့သို့သွားရောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က စေလွှတ်ထားပြီး လာမည့် တနင်္လာနေ့တွင်မစ္စတာ ဂမ်ဘာရီ သည် ထိုင်းနိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း ကုလသမဂ္ဂက သတင်း ထုတ်ပြန်ထားသည်။ ■

---

## ဖမ်းဆီးခံရသည့် သံဃာတော်များကို အတင်းအကျပ်လူဝတ်လဲခိုင်းနေ

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

မြန်မာစစ်အစိုးရက ဖမ်းဆီးထားတဲ့ ငွေကြာရံကျောင်းက သံဃာတော် (၃) ပါးကို အာဏာပိုင်တွေက အဓမ္မလူဝတ်လဲပြီး အင်းစိန်ထောင်ကြိုးတိုက် (၂) မှာ ထားတယ်လို့ မကြာခင်က ထောင်ဝင်စာတွေ့ခဲ့ သူတဦးရဲ့ ပြောပြချက်အရ သိရပါတယ်။ ဒီသံဃာတော် (၃) ပါးဟာ လူဝတ်လဲထားခံရပေမယ့် သံဃာ့ဝိနည်းတော်နဲ့အညီ နေထိုင်ပြီး ဆွမ်းတနပ်သာ ဘုဉ်းပေးတော်မူတယ်လို့လည်း ပြောပါတယ်။ စက်တင်ဘာ (၃၀) ရက်တုန်းမှာ အင်းစိန်ထောင်ကိုရောက်တဲ့ အရပ်ဝတ်လူ (၁၀၀) ကျော်ဟာ ခေါင်းတုံးတွေနဲ့ချည်းဖြစ်နေယ်လို့ အမည်မဖော်လိုတဲ့ ထောင်ဝန်ထမ်းတဦးက ပြောပါတယ်။

ဒါကြောင့် ဒီအကျဉ်းသားတွေဟာ ဖမ်းဆီးလူဝတ်လဲခံလိုက်ကြရတဲ့ သံဃာတော်တွေဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ဆန္ဒပြမှုများနဲ့ပတ်သက်ပြီး ဖမ်းဆီးခံရတဲ့ သံဃာတော်တွေရှိသလို ရှောင်တိမ်းပုန်းအောင်းနေရတဲ့ သံဃာတော် အများအပြားရှိပါတယ်။ ဒ့ါအပြင် အာဏာပိုင်တွေက သံဃာတော်တွေကို နေရပ်ရင်း အတင်းအကျပ်ပြန်ကြွခိုင်းတာကြောင့် စာသင်သားရာချီရှိတဲ့ စာသင်တိုက်တွေမှာ ၁၀ ပါးကျော်လောက်ပဲ ကျန်ရှိတော့သလို လမ်းကနေဖြတ်ပြီး ဖမ်းတာတွေလည်း ကြားသိနေရပါတယ်။ တိမ်းရှောင်နေရတဲ့ သံဃာတော်တွေမှာ သီတင်းသုံးနေထိုင်ရေးနဲ့ဆွမ်း အခက်အခဲတွေ့နေရတယ်လို့လည်း စုံစမ်းသိရှိရပါတယ်။ ■

---

# လုံခြုံရေး ဥက္ကဌကြေညာချက်အပေါ် တိုင်းရင်းသားခေါင်းဆောင်များ ကြိုဆို

*ဗွီအိုအေ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

လုံခြုံရေးကောင်စီ ဥက္ကဌရဲ့ မြန်မာနိုင်ငံဆိုင်ရာ ကြေညာချက် အပေါ် အတိုက်အခံ တိုင်းရင်းသားအဖွဲ့တွေကရော ဘယ်လိုများ သဘော ထားပါလဲ။ ဗီအိုအေ မြန်မာပိုင်းရဲ့ ထိုင်းအခြေစိုက် ကိုမိုးဇော်က တင်ပြထားပါ တယ်။

တိုင်းရင်းသားနိုင်ငံရေးအင်အားစုတွေက မြန်မာပြည်ရဲ့ နိုင်ငံရေး ပြဿနာတွေကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီးဖြေရှင်းဖို့ အစဉ်တစိုက် တောင်းဆိုခဲ့ကြတာပါ။ ဒါကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဌရဲ့ ကြေညာချက်ကိုတိုင်းရင်းသားခေါင်းဆောင်တွေက ထောက်ခံကြိုဆိုခဲ့ကြပါ တယ်။ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဥရောပမြန်မာရုံးရဲ့ ညွှန် ကြားရေးမှူး ဦးဟန်ညောင်ရွှေက သူ့ရဲ့သဘောထားကို အခုလို ပြောပါတယ်။

"အခုလိုမျိုး လုံခြုံရေးကောင်စီက စာတမ်းထွက်လာတယ်ဆိုတော့ အဓိပ္ပါယ်ကတော့ ရုရှားရော၊တရုတ်ရော အပါအဝင် အခုလိုမျိုး ကုလသမဂ္ဂ ကနေ ဦးဆောင်ပြီးတော့မှ မြန်မာပြည်မှာ တွေ့ဆုံဆွေးနွေးပွဲဖြစ်ရေးကို သူတို့ အားပေးနေတယ်လို့ ကျနော် မြင်ပါတယ်။ အဲဒါ ကောင်းတယ်လို့ မြင်တယ်။ ဘာကြောင့်လဲဆိုရင် ဒီလိုမျိုး အကုန်လုံးဝိုင်းအားပေးမှပဲ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မယ်လို့ ကျနော် ယူဆပါတယ်။ မဟုတ်ရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ သဘောမတူ ဘူးဆိုရင် နအဖ အနေနဲ့က သူက စကားပြောချင်မှာ မဟုတ်ဘူး။ အခုလိုမျိုး လုံခြုံရေးကောင်စီကလည်း ပြောလာတယ်။ ကျနော်တို့ အနီးအနား နိုင်ငံတွေ ကလည်း ပြောလာတယ်ဆိုတော့ ဒါက မလုပ်မနေရ သဘောမျိုး ဖြစ်သွား တယ်။ ဘာကြောင့်လဲဆိုရင်အခုလိုမျိုး သူတို့က အားပေးထားတယ်၊ တိုက် တွန်းထားတယ်၊ မဖြစ်လာဘူးဆိုရင်တော့ နောက်တစ်ဆင့်ကတော့ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်နဲ့သွားရမယ့်ကိစ္စ ဖြစ်သွားတယ်။"

ပအို့ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ရဲ့ ဥက္ကဌ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဌရဲ့ကြေညာချက်ဟာ မြန်မာ့အရေး အတွက် ကောင်းတဲ့လက္ခဏာဖြစ်တယ်လို့ သုံးသပ်ပါတယ်။

"ကျနော်တို့ အနေနဲ့ တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမ Agenda မပါဘူး။ နောက်ပါလာတယ်၊ Agenda ကနေမှတစ်ခါ Resolution ကို တက်တဲ့အခါကျတော့ ဗီတိုနဲ့တွေ့ပြီးတော့ အပယ်ခံရ တယ်။ အခုကျတော့ Resolution အဆင့်မရောက်ပေမယ့် ဥက္ကဌရဲ့ ကြေညာ ချက်သဘောမျိုးထွက်တာက အဆင့်တစ်ဆင့်တိုးလာတယ်၊ ကျနော်တို့ မှာ ယူအဲန်အက်စ်စီ မှာ မြန်မာပြည် Agenda ကရှေ့ကို တက်နေတယ်လို့ မေး မှိန်သွားတာမရှိဘူးဆိုတာကတော့ ကောင်းတဲ့လက္ခဏာလို့ ပြောနိုင်တာပေါ့။"

တကယ်လို့ စစ်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဌရဲ့ တိုက်တွန်းချက်တွေကို မလိုက်နာရင်ဘာတွေ ဆက်ဖြစ်လာနိုင်သလဲ ဆိုတာ ကို ဗိုလ်မှူးကြီး ခွန်ဥက္ကာက အခုလို ဆက်ပြောပါတယ်။

"နအဖ အနေနဲ့ အဲဒါကို ဂရုမစိုက်ဘူး၊ အကောင်အထည် မဖော် ဘူးဆိုရင်တော့ ယူအဲန်အက်စ်စီရဲ့ ဒီနောက်တစ်ဆင့်ကတော့ မလိုက်နာ ရင်မရတဲ့ Binding ပါတဲ့ Resolution အဆင့်ကိုတက်သွားနိုင်တယ်။ အဲဒီလိုအဆင့် တက်ရင်တော့ ဒါဟာ အကောင်အထည်ဖော်တဲ့နေရာမှာ နအဖ ကတော့ ချောင်ချောင်လည်လည် ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီ အဆင့်ကိုတော့ နအဖ အနေနဲ့ အတက်ခံမယ်လို့ မထင်ဘူး။ သူလည်း ပါး ရည်နပ်ရည် ရှိတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ဒီ ဥက္ကဌရဲ့ ကြေညာချက်မှာကိုပဲ နအဖ အနေနဲ့ စိတ်ထဲက မပါတာတောင်မှ နိုင်ငံရေးလှည့်ကွက်အနေနဲ့ သူ တစ်ခုခုတော့ အယောင်ပြနိုင်တယ်။ တစ်ခုခုတော့ ရှေ့တန်းမှာ ထုတ်လာနိုင် တာပေ့ါ။ အဲဒီပုံစံမျိုးတော့ သူ လုပ်နိုင်တယ်။"

ကေအဲန်ယူ ခေါ် ကရင်အမျိုးသား အစည်းအရုံးက နိုင်ငံခြားရေး တာဝန်ခံ ဗဒို စောဒေးဗစ်ထောကတော့ ကေအဲန်ယူအနေနဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဌရဲ့ ကြေညာချက်ကို ကြိုဆိုကြောင်း ပြောပါတယ်။ ဒါဟာပြည်သူတစ်ရပ်လုံးရဲ့ လိုလားချက်ကို ယောင်ပြန်ဟပ်နေတာကြောင့် ဒီကြေညာချက်က တိုက်တွန်းထားတာတွေ အကောင်အထည်ပေါ်လာဖို့ အားလုံးက ဝိုင်းဝန်းလုပ်ဆောင်သင့်တယ်လို့ ပြောပါတယ်။

"ကျနော်တို့ အခုဖြစ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းကို ကြည့်မယ် ဆိုရင် ပြည်တွင်းမှာ အမှန်တကယ်ပဲ လူထုတွေက အင်မတန်မှ ပြောင်းလဲမှုကို လိုလားနေတဲ့အချိန်ဖြစ်ပါတယ်။ ပြောင်းလဲမှုဆိုတာက နေ့တရူဝ ကြုံတွေ့ နေရတဲ့ စားဝတ်နေရေး ပြဿနာတွေအပေါ်မှာ အခြေခံပြီးတော့ ဒီပြောင်းလဲမှု တွေရယ်၊ ဖမ်းဆီးချုပ်နှောင်မှုတွေ၊ ခြောက်လှန့်မှုတွေ၊ အကြမ်းဖက်ပြီးတော့ နှိမ်နင်းမှုတွေက သူတို့အတွက်ကို တော်တော်ကို ခက်ခဲနေတဲ့အနေအထား ဖြစ်ပါတယ်။ ဆိုတော့ ဒီနေရာမှာ တွေ့ဆုံဆွေးနွေးမှုကိုနေ အဖြေဖြစ်တယ် ဆိုတာကိုလည်း အားလုံးကလက်ခံသဘောထားရှိတဲ့အပေါ်မှာ အခု လုံခြုံရေး ကောင်စီ ဥက္ကဌရဲ့ ထုတ်ပြန်ကြေညာချက်ကလည်း ဒီ ပြည်တွင်းလိုအပ်ချက်ကို ယောင်ပြန်ဟပ်ပါတယ်။ ဆိုတော့ ဒီမှာရှိတဲ့ တိုင်းရင်းသားအင်အားစုတွေရော၊ ဒီ နိုင်ငံရေးပါတီတွေရော လူထုလူတန်းစား အသီးသီးကလည်း ဒါကို ကြိုဆိုပြီး တော့ နအဖ စစ်အစိုးရက အကောင်အထည် ပေါ်လာအောင်လည်း ကျနော် တို့က ငြိမ်းချမ်းစွာတောင်းဆိုသင့်ပါတယ်လို့ ကျနော် ပြောလိုပါတယ်။"

ကေအဲန်ယူရဲ့ နိုင်ငံခြားရေးတာဝန်ခံ ပြောသွားတာပါ။ တခြား တိုင်းရင်းသားခေါင်းဆောင်တွေကလည်းတွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာစေဖို့ အတွက် အားလုံးမှာ တာဝန်ရှိတယ်လို့ ခံယူကြပြီး မိမိတို့ တက်စွမ်းတဲ့ ဖက်ကဝိုင်းဝန်းပါဝင်ကြဖို့ ထုတ်ဖော်ပြောဆိုကြပါတယ်။ တဆက်တည်းမှာပဲ မြန်မာစစ်အစိုးရနဲ့ အပစ်အခတ် ရပ်စဲ ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသား တွေရဲ့သဘောထားကို ဦးသိန်းထိုက်ဦးက ထိုင်းနိုင်ငံကနေ အစီရင်ခံထားပါ တယ်။ မွန်ပြည်သစ်ပါတီ နိုင်ငံခြား ဆက်ဆံရေးတာဝန်ခံ နိုင်အောင်မငေးကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ သူတို့ မွန်ပြည်သစ်ပါတီရဲ့ သဘောထားကို အခုလို ပြောတယ်ခင်ဗျ။

"လုံခြုံရေးကောင်စီရဲ့ ထုတ်ပြန်ကြေညာချက်ပေ့ါနော်၊ ကျနော်တို့ ထောက်ခံပါတယ်။ ဒီလိုပဲဖြစ်သင့်ပါတယ်။ ဒီလိုဖြစ်ဖို့ကိုလည်း ကျနော်တို့ တတ်နိုင်တဲ့ဖက်က အများကြီး ကြိုးစားခဲ့ပြီးပြီပေ့ါနော်။ ဒီလို လုံခြုံရေး ကောင်စီအနေနဲ့ သဘောထား ချမှတ်ပေးတာကို ကျနော်တို့ ကြိုဆိုပါတယ်။"

ဒါကတော့ မွန်ပြည်သစ်ပါတီ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ နိုင်အောင်မငေး ပြောသွားတာပါ။ မွန်ပြည်သစ်ပါတီက စောစောပိုင်းတုန်းကလည်း ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ပြည်သူတွေနဲ့ သံဃာတော်တွေကို အကြမ်းဖက် နှိမ်နင်းတာတွေက မြန်မာနိုင်ငံမှာ ပြဿနာရဲ့အဖြေကို ရှာတာမဟုတ်ဘူး၊ အခြေအနေကို ပိုပြီး တော့ ဆိုးစေလိမ့်မယ်လို့ သူတို့ရဲ့သဘောထားကို ပြောခဲ့ဖူးပါတယ်။

အပစ်အခတ် ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့ အတော်များများက ဒီရက်ပိုင်း မှာ သူတို့ရဲ့ သဘောထားတွေကိုပေးဖို့ တွေ့ဆုံမေးမြန်းဖို့အတွက် လက်ရှောင် နေတာတွေ တွေ့ရတယ်ခင်ဗျ။ လက်နက်ကိုင် အဖွဲ့တွေကိုလည်း နောင် အနာဂတ်မှာ ရွေးကောက်ပွဲ ဝင်မယ်ဆိုလို့ရှိရင် နိုင်ငံရေးပါတီ နိုင်ငံရေးအဖွဲ့ အစည်းပုံစံ အားလုံး ပြန်ပြောင်းပါဆိုပြီးတော့ စစ်အစိုးရဖက်က ဖိအားပေး နေတယ်ဆိုတဲ့သတင်းတွေကလည်း ဒီရက်ပိုင်းမှာ ထွက်လာတယ်။ အဖွဲ့အစည်း တော်တော်များများက သူတို့နည်းသူတို့ဟန်နဲ့ စစ်အစိုးရကို ချဉ်းကပ်ပြီး တော့ ဖိအားပေးတာတွေကို လျော့သွားအောင် ကြိုးစားနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေပါတယ်။

ကချင်လွတ်မြောက်ရေးအဖွဲ့က ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ် ဇော်စိုင်း ကတော့ လုံခြုံရေးကောင်စီရဲ့ကြေညာချက်နဲ့ပတ်သက်ပြီးတော့ အခုလို ဗီအိုအေကို ပြောပါတယ်။

"ကောင်းအောင်လုပ်ဖို့ ကြိုးစားချက်တွေကို ကျနော်တို့က ထောက်ခံဖို့ပဲ ရှိတယ်ဗျ။ အားလုံးလည်းပဲ ကောင်းအောင်ကြိုးစားတဲ့ လုပ်ငန်းတွေပဲ ဖြစ်တယ်။ အဲဒါကြောင့်မိုလို့ အချင်းချင်းညှိယူဖို့ပဲ လိုမယ်ဗျာ၊ ကျနော်တို့ သဘောထားကတော့ အချင်းချင်းညှိယူကြဖို့ အားလုံးဟာကောင်းအောင်ကြိုးစားတဲ့ လုပ်ငန်းတွေဖြစ် တော့ကာ ကောင်းအောင်ကြိုးစားတဲ့ အဖွဲ့အစည်းတွေ၊ ကောင်းအောင် ကြိုးစားနေတဲ့ ခေါင်းဆောင်တွေအားလုံးဟာ အချင်းချင်းညှိကြဖို့ ကျနော်တို့က ဖြစ်စေချင်တဲ့ဆန္ဒ ရှိပါတယ်ဗျာ။"

စာမျက်နှာ – ၆

## အဖမ်းဆီးခံနေရသည့် အဖွဲ့ချုပ်ဝင်များအတွက် မိသားစုများက စိုးရိမ်

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ဖမ်းဆီးခံနေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေကို ဘယ်မှာထိန်းသိမ်းထားတယ်ဆိုတာမသိရလို့ မိသားစုဝင်တွေက စိုးရိမ်ပူပန်နေကြပါတယ်။ ပဲခူးတိုင်း ဇီးကုန်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကို အာဏာပိုင်တွေက စက်တင်ဘာ (၂၈) ရက်မှာ နေအိမ်ကနေ ဖမ်းဆီး သွားပြီးတဲ့နောက် ဘယ်မှာထိန်းသိမ်းထားတယ်ဆိုတာ မသိရလို့ စိုးရိမ်ပူပန်နေရတယ်လို့ ဒေါ်ခင်ဝိုင်းရဲ့သမီး မငြိမ်းငြိမ်းက ပြောပါတယ်။

"အာဏာပိုင်တွေကိုမေးတော့လည်း မသိဘူးတဲ့။ အဆက်အသွယ်မရသေးဘူးတဲ့။ အဲလိုပဲပြောနေတယ်။ အမေက အဝတ်တထည်ကိုယ်တခုနဲ့ပဲ သွားတာ။ အမေ့အတွက် အဝတ်အစားရော ဆေးရောပေးချင်တယ်လေ။ သမီးတို့က အရမ်းစိတ်ပူနေတာပေါ့။" ဆန္ဒပြတဲ့ သံဃာတော်များနောက်က လိုက်ပါအားပေးတာကလွဲလို့ ဘာရာဇဝတ်မှုမှ ကျူးလွန်တာမရှိလို့ ပြန်လွှတ်ပေးစေချင်တယ်လို့ မငြိမ်းငြိမ်းက ပြောပါတယ်။ ဒေါ်ခင်ဝိုင်းက ဆန္ဒပြရာမှာ လိုက်ပါမယ့်သူများကို တယောက် ကျပ် (၃၀၀၀) နှုန်းပေးပြီးခေါ်တယ်လို့ စစ်အစိုးရပိုင် မီဒီယာက စွပ်စွဲကြေညာချက်ဟာလည်း မမှန်ပါဘူးလို့ မငြိမ်းငြိမ်းက ပြောပါတယ်။

"မဟုတ်မမှတ်တာကြီးကိုလည်း အကုန်လုံး တမြို့လုံးလည်း သိကြတယ်လေ၊ ဒါမဟုတ်ဘူးဆိုတာကို။ ညီမတို့လည်း အဲဒီလောက်ကြီးပေးရလောက်အောင်လည်း မချမ်းသာပါဘူး။ အကုန်လုံးက ကိုယ့်ခံယူ ချက်နဲ့ကိုယ် လိုက်ကြတာလေ။ အမေကအတင်းခေါ်လို့ အမေကပိုက်ဆံပေးလို့ မဟုတ်ပါဘူး။" ဒေါ်ခင်ဝိုင်းနဲ့ တရက်တည်းဖမ်းဆီးခံလိုက်ရတဲ့ အဖွဲ့ချုပ်အဖွဲ့ဝင် ဦးအေးကိုနဲ့ပတ်သက်ပြီး သမီးငယ် မချစ်စုဝေက ဖခင်အတွက် စိုးရိမ်ပူပန်တယ်လို့ ပြောပါတယ်။

"ဖေဖေလုပ်တဲ့ကိစ္စကမှန်တယ်၊ နိုင်ငံရေးလုပ်တာမှန်တယ်။ ဘာရာဇဝတ်ကျူးလွန်မှုမှလည်း မရှိဘူး။ ဘာအဆက်အသွယ်မှလည်းမရဘူး။ ဘယ်မှာထားမှန်းလည်းမသိဘူး။" ဖမ်းဆီးခံနေရတဲ့ သံဃာတော်တွေ၊ အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့လည်း မငြိမ်းငြိမ်းနဲ့ မချစ်စုဝေတို့က တောင်းဆိုပါတယ်။ ■




## အင်းစိန်ထောင်မှာ နိုင်ငံရေး အကျဉ်းသားများအပေါ် ပိုမိုတင်းကျပ်နေ

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန် အင်းစိန်ထောင်မှာ လုံခြုံရေးပိုမိုတင်းကျပ်ထားပြီး နိုင်ငံရေးအကျဉ်းသားတွေကိုလည်း လုံခြုံရေးနဲ့မသက်ဆိုင်တဲ့ စည်းကမ်းချက်တွေ တင်းတင်းကျပ်ကျပ် ချမှတ်ထားပါတယ်။ အင်းစိန်ထောင် ကြိုးတိုက်ခန်းတွေမှာ နေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပုံမှန်အခန်းပြင်ထွက် လမ်းလျှောက်ခွင့် မပြုတော့ဘဲ နိုင်ငံရေးအကျဉ်းသားအချင်းချင်း စကားပြောခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း ထောင်ဝင်စာတွေ့ပြီးပြန်လာတဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တဦးက ပြောပါတယ်။

"အထဲဘက်မှာနိုင်ငံရေးအကျဉ်းသားတွေက အခု အပြင်ထွက်လို့မရဘူး။ အရင်တုန်းကဆိုရင် လမ်းလျှောက်တယ်။ ရေချိုးလို့ရှိရင်လည်း ကြာကြာချိုးလို့ရတယ်လေ။ အခုမရတော့ဘူး၊ သူတို့အချိန်နဲ့ပဲပေးတယ်ပေါ့၊ လမ်းလျှောက်ခွင့် လည်းမပေးတော့ဘူး၊ တိုက်ထဲမှာလည်း တယောက်နဲ့တယောက် စကားပြောခွင့်မရတော့ဘူးတဲ့။ ဟိုဘက်အခန်း ဒီဘက်အခန်းတောင်စကားပြောခွင့်မရတော့ဘူးတဲ့။"

(၈) ပေပတ်လည်ခန့်သာကျယ်တဲ့ တိုက်ခန်းတွေထဲမှာ နေထိုင်နေရပြီး အပြင်ထွက်လမ်းလျှောက် ခွင့်မရတော့တာကြောင့် နိုင်ငံရေးအကျဉ်းသားများရဲ့ ကျန်းမာရေးအတွက် စိုးရိမ်တယ်လို့လည်း မိသားစုဝင်က ပြောပါတယ်။

"သူတို့အရမ်းပဲကျဉ်းကျပ်နေတော့ ကျန်းမာရေးမကောင်းတာတွေ ဖြစ်သွားမှာစိုးတာတွေရှိတာပေါ့။ အဲလိုလမ်းလျှောက်ခွင့်တွေ ဘာတွေမရဘူးတဲ့အခါကျတော့ ချိသွားမှာတို့ဘာညာစိုးတာပေါ့။" ထောင်ပြင်ပမှာ ဆန္ဒပြမှုများ ဖြစ်ပေါ်နေချိန်မှာ နိုင်ငံရေးအကျဉ်းသားများကို တိုးမြှင့်ချုပ်ချယ်လိုက်တာ နဲ့ပတ်သက်လို့ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီဘီ) တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်က ဝေဖန်ပြောကြားပါတယ်။

"ပြင်ပမှာ တခုခုဖြစ်တယ်ဆိုလို့ရှိရင် ထောင်ထဲမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို သူတို့က ပိုပြီးတော့ဖိနှိပ်တာမျိုးတွေ၊ ချုပ်ချယ်တာမျိုးတွေ အမြဲတမ်းလုပ်လေ့ရှိပါတယ်။ အခုချိန်မှာဆို ဒီအင်းစိန် ထောင်ထဲမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေက အရင်တုန်းကရခဲ့တဲ့အခွင့်အရေးတွေကို မရတော့ဘဲနဲ့ ဆုံးရှုံးနေတာတွေရှိတယ်။ ဒါဟာ အင်မတန်ဆိုးရွားတဲ့ကိစ္စပဲ။ ထောင်ထဲမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ပြင်ပကနဲ့ ဘာမှဆိုင်တဲ့ကိစ္စတွေမဟုတ်ဘူး။ သူတို့ဟာ ထောင်ထဲမှာ နှစ်ရှည်လများ ကြာနေခဲ့တာဖြစ်တယ်။ ဒီလူတွေကို အငြိုးနဲ့ထပ်ပြီးတော့နှိပ်စက်တဲ့ပုံစံမျိုးတွေ လုပ်ဖို့မသင့်ဘူးလို့ ကျနော်ထင်တယ်။" အကျဉ်းထောင်တွေထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းတာကြောင့် သေဆုံးသွားရတဲ့ နိုင်ငံရေးအကျဉ်းသားပေါင်း (၁၂၀) ကျော်ပြီလို့ အေအေပီပီရဲ့စာရင်းများအရ သိရပါတယ်။ ■

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

*ဗွီအိုအေ၊ ၁၂ အောက်တိုဘာလ၊ ၂၀၀၇*

“ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်ဖြစ်တာကြောင့် မြန်မာအစိုးရကလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတခုဖြစ်တာကြောင့် အဲ့ဒါကို လိုက်နာလိမ့်မယ်လို့ သူတို့အနေနဲ့ တိုက်တွန်းပြောဆိုသွားတာပါ” အခုလိုလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအကုန်လုံးနဲ့ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရဲ့ ကြေညာချက် ထွက်လာခဲ့ပြီးတဲ့နောက် ရှေ့လျှောက် တိုးတက်မှုတွေ မြန်မြန်ဆန်ဆန်ဖြစ်လာမယ်လို့တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တွက်ထားပုံမရပါဘူး။

“ချက်ချင်းကြီးဆိုတာကတော့ အစိုးရအနေနဲ့ကတော့ အစိုးရတရပ်နေနဲ့ သူရဲ့ယန္တရားကရှိနေတော့ ဒီယန္တရားကြီးကတော့ ချက်ချင်းရပ်သွားဖို့လွယ်မှာမဟုတ်ဘူးပေါ့။ ဒါပေမယ့် ဒါကိုကြည့်ပြီးတော့ ဒီဆုံးဖြတ်ချက်ကြီးဟာ အသုံးမဝင်ဘူးလို့ ကျနော်တို့ ပြောလို့မရပါဘူး။ အဲတော့ ဒီအပေါ်မှာ ဆက်ပြီးတော့ အကောင်အထည်ဖေါ်လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်။ လွှတ်ပေးဖို့ကိစ္စတွေကတော့ ကျနော်တို့မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်နေတယ်ဆိုတော့ ဆုံးဖြတ်ချက်ဒီအပေါ်မှာ လိုက်နာဖို့ဆိုတာကလည်း တာဝန်ရှိပါတယ်။ ရှိတဲ့အတိုင်းလည်း လိုက်ပါလိမ့်မယ်လို့ ကျနော်လည်း မျှော်လင့်ပါတယ်။ အဓိက ကတော့ Dialogue က အဓိကပေါ့နော် သူတို့ကလည်း ကြိုမြင်ပြီးတော့ ဆက်ဆံရေးဝန်ကြီးဆိုပြီးတော့ ခန့်ထားတာကနေစပြီးတော့ သူတို့ ကုလသမဂ္ဂနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား ဆက်ဆံဖို့ ဆိုပြီးတော့ လုပ်ထားပြီဆိုတော့ ဒါလည်း ကျနော်တို့ကတော့ အလားအလာကောင်းတယ်လို့ ယူဆပါတယ်ခင်ဗျ။

Dialogue ကိစ္စပေါ့၊ စစ်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်ကြားမှာ ဆက်ဆံရေးချောမွေ့စေဖို့ဆိုပြီးတော့ ဆက်ဆံရေးဝန်ကြီးအဖြစ် အလုပ်သမားဒုဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်ကို ခန့်ထားလိုက်တာရှိပါတယ်။ အဲ့တော့ ဗိုလ်ချုပ်အောင်ကြည်ဘက်က ဆက်သွယ်တာတွေ လုပ်လာပါပြီးလားဆိုတဲ့အမေးကို ဦးဟံသာမြင့်က “ကျနော်တို့ဆီကိုတော့ အဆက်အသွယ်လုပ်တာမရှိပါဘူးခင်ဗျ။ ဆက်တယ် မဆက်ဘူးဆိုတာတော့ ကျနော်တို့လည်းမသိဘူးခင်ဗျ။ မသဘူးလို့ပဲ ပြောပါစေ။ ဘာဖြစ်လို့လည်းဆိုတော့ ဒါသူတို့လျှို့ဝှက်ထားမယ်လို့ပဲထင်တယ်။ ကျနော်တို့ကိုလည်း ပြောလိမ့်မယ်လို့ မထင်ပါဘူးခင်ဗျ။ အဲ့တော့ ကျနော်တို့က မသိဘူးလို့ပဲပြောပါရစေခင်ဗျ”

ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင် ဂမ်ဘာရီဟာလည်း မြန်မာနိုင်ငံကို နောက်တကြိမ်သွားရောက်ဖို့ ခရီးစဉ်အစအဖြစ် ထိုင်းနိုင်ငံကို တနင်္လာနေ့မှာရောက်တော့မှာပါ။ ဒီမတိုင်းခင်အကြိမ်တုန်းကတော့ အန်အယ်လ်ဒီနဲ့ မတွေ့လိုက်ရပါဘူး။ ဒီတကြိမ်မှာလည်း အန်အယ်လ်ဒီကတော့ သူတို့ဘက်ကတော့ တွေ့ဖို့မျှော်လင့်ထားတုန်းပါပဲ။ အရင်ကထက်စာရင်လည်း တိုးတတက်မှုတွေ ပိုရလိမ့်မယ်လို့ တွက်ထားပါတယ်။

“ကျနော်တို့ကတော့ အမြဲတမ်း လာတိုင်းတွေ့ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့တာပေါ့။ ဒါပေမယ့် ဒါအကြောင်းအမျိုးမျိုးရှိမှာပေါ့။ သူကတော့ အာဏာပိုင်တွေက ခွင့်ပေးမှ ကျနော်တို့နဲ့ တွေ့ခွင့်ရမှာကိုး၊ အဲ့တော့ သူ့သဘောကလည်း ရှိသေးတာကိုး၊ အဲ့တော့ တွေ့ခွင့်ရဖို့ဆိုတာ သူတို့ပေးတဲ့အပေါ်မှာ တည်တာပါ။ အခုအချိန်ခါမှာတော့ ဒီတခါမှာတော့ အခုနောက်ဆုံးတခေါက်ထက်စာရင်တော့ အဆင်ပြေလိမ့်မယ်လို့ ကျနော် မျှော်လင့်ပါတယ် ”

အဲ့ဒါတွေကတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ထုတ်ပြန်ချက်အပါအဝင် ကုလသမဂ္ဂရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားတွေပါ။

တရုတ်ပြည်ဆိုင်ရာ သံအမတ်ကြီးဟောင်း သခင်ချန်ထွန်းကလည်း ကုလသမဂ္ဂရဲ့ထုတ်ပြန်ချက်ကိုဆီကြိုလိုက်ပါတယ်။ ဒါပေမယ့်ကြေညာချက်ပါ တိုက်တွန်းချက်တွေကို မြန်မာစစ်အစိုးရက အလေးတယူ မပြုဘူးဆိုရင်တော့ လုံခြုံရေးကောင်စီက ဆက်ပြီးတော့ အရေးယူနိုင်တဲ့ အလားအလာရှိကြောင်းနဲ့ အဲ့ဒီလိုဖြစ်လာရင်လည်း တရုတ်ပြည်က သဘောတူလက်ခံလိမ့်မယ်လို့လည်း သူယုံကြည်တဲ့အကြောင်း သခင်ချန်ထွန်းက ပြောကြားပါတယ်။ ■

---

## ညီလာခံထောက်ခံပွဲအတွက် ရန်ကုန်မှာ အတင်းအကျပ်စီစဉ်နေ

*ဒီဗွီဘီ၊ ၁၂ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းထဲမှာ အမျိုးသားညီလာခံထောက်ခံပွဲ အခမ်းအနားကျင်းပဖို့ပြင်ဆင်နေပြီး ကွင်းအနီးတဝိုက်မှာ စစ်တပ်လုံခြုံရေး အပြည့်ချထားတယ်လို့ မျက်မြင်တွေက ပြောပါတယ်။

မနက်ဖြန်ကျင်းပမယ့် ဒီထောက်ခံပွဲကို ဝန်ထမ်းတွေတက်ရောက်ဖို့ ဆင့်ခေါ်ထားပြီး အားကစားကွင်းဘက်သွားရာ သံသုမာလမ်းတလျှောက်မှာ ချိတက်တဲ့လူတွေကို ရှာဖွေဖို့ ရုံကလေးတွေ ဆောက်နေတာတွေ့ရတယ်လို့ မျက်မြင်တဦးက ပြောပါတယ်။

ပြည်သူအားလုံးက ဒီထောက်ခံပွဲကိုသွားဖို့ စိတ်ဆန္ဒမရှိတဲ့အပြင် အစိုးရပိုင်မီဒီယာတွေက ပြသနေတဲ့ တန်ပြန်ထောက်ခံပွဲတွေဟာလည်း အစိုးရက ပြည်သူတွေအပေါ် လိမ်ညာမှုတွေသာဖြစ်တယ်လို့ ပြည်သူတွေက ပြောဆိုနေကြပါတယ်။ “ပြည်သူတွေကတော့ သူတို့ကို လုံးဝမထောက်ခံဘူး။ ခေါ်လည်း မလိုက်ဘူးဆိုတဲ့အသံတွေတော့ ကြားရတယ်။ တီဗီထဲမှာလွှင့်နေတာတွေက လိမ်ပြီးလွှင့်နေတာလို့ ပြောနေကြတယ်။” ညီလာခံထောက်ခံပွဲကို အတင်းအကျပ်တက်ခိုင်းရင် ပြည်သူ့သဘောထား အစစ်အမှန်ကို ထပ်မံဖော်ထုတ်မယ့် အခြေအနေ ဖြစ်သွားဖွယ်ရှိတယ်လို့ သဃ်န်းကျွန်းမြို့ခံ တဦးက ပြောပါတယ်။

“အတင်းအကျပ် ခြိမ်းခြောက်ပြီးခေါ်မယ်ဆိုရင်တော့ သူတို့ အဲဒီနေရာရောက်သွားလည်း တမျိုးတမည် ဖြစ်သွားမှာပါ။ ရန်ကုန်ဒေသမှာက သူတို့ကိုကြောက်တယ်ဆိုပေမယ့် မိုးထဲရေထဲ တကယ့်အုံနဲ့ကျင်းနဲ့ ကျရင်မကြောက်တတ်ကြပါဘူး။

ဖြစ်ပေါ်သွားတဲ့ ဆန္ဒပြပွဲကလည်း သက်သေခံပါတယ်။ သူတို့ကတော့ ပြည်သူဟာ သူတို့ကိုတအားကြောက်မယ် ထင်ထားတာ။ ဒါပေမယ့် တကယ့်တကယ်ထွက်ကျတော့ ထွက်တော့လည်း ပါလာကြတာပါပဲ။”

ညီလာခံထောက်ခံပွဲတက်ရောက်ဖို့အတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရန် ကုန်မြို့မှာလှည့်လည်ပြီး စည်းရုံးလှုပ်ရှားနေတာတွေ့နေရတယ်လို့လည်း ဆိုပါတယ်။ ■

---

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ဝေသူများအား အထူးကျေးဇူးတင်ပါသည်။ ”